**သင်၏ဆေး - Metformin _______ mg**

**ဘာကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုသောက်ရပါသနည်း?** သင့်တွင် ဆီးချိုရောဂါရှိသည် သို့မဟုတ် ဆီးချို ရောဂါဖြစ်နိုင်ချေ အန္တရာယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သင်၏သွေးထဲတွင် သကြားဓါတ်လွန်ကဲ စွာရှိ သောကြောင့်ဖြစ်သည်။ သင်၏သွေးထဲတွင် သကြားဓါတ်လွန်ကဲစွာရှိခြင်းသည် နှလုံးရောဂါ၊ လေဖြ တ် ခြင်းများ၊ ကျောက်ကပ်ရောဂါ၊ သို့မဟုတ် သင်၏မျက်လုံးများ သို့မဟုတ် အာရုံကြောများတ ွင် ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။

________________________________

**နေ့စဉ် အစားအစာနှင့်အတူ ဆေး ၁ လုံး သောက်ပါ။**

**နေ့စဉ် မနက်စာစားသုံးပြီးနောက် ဆေး ၁ လုံး နှင့် ညနေစာစားသုံးပြီးနောက် ဆေး ၁ လုံး သောက်ပါ။**

**နေ့စဉ် မနက်စာစားသုံးပြီးနောက် ဆေး၁ လုံး၊ နေ့လည်စာစားသုံးပြီးနောက် ဆေး ၁ လုံး နှင့် ညနေစာစားသ ုံး ပြီးနောက် ဆေး ၁ လုံးသောက်ပါ။**

**ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?** ဆေးသောက ြ ခင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာ တစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုး ကျိုးများအချို့မှာ Metformin သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ မအီမသာပျို့အန်ချင်ခြင်း၊ ဝမ်းလျှော ြ ခင်း၊ ဗိုက်နာခြင်း နှင့် လေလည်ခြင်းတို့ ပါဝင်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထ ခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှုရန် ခက်ခဲခြင်း သို့မဟုတ် မောဟိုက်ခြင်း သို့မဟုတ် အားကစားအလွန်အကျွံပြုလုပ်ချိန်အတောအတွင်း၊ ဗိုက်အောင့်ခြင်း၊ အားနည်းခြင်း သို့မဟုတ် မောပန်းခြင်းများကို ခံစားရခြင်းတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးေ ပါ်ခန်းသို့ ချက်ချင်းသွားပါ။**

**နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။

2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. ရေအလုံအလောက်သောက်သုံး၍ အစားအစာစားသုံးရန် တစ်ကြိမ်မျှ မလွတ်စေပါနှင့်။
4. သင်၏သွေးတွင်းသကြားဓါတ်စစ်ဆေးရန် သုံးလတစ်ကြိမ် ဆရာဝန်နှင့်တွေ့ရန်လိုအပ်သည်။
5. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Metformin သောက်နေကြောင်း ပြောပြပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"